- ဆရာကျော်ကျော်လှိုင် (SMART) ၏အမှာစာ ........ က
- စာရေးသူ၏အမှာစာ ........ ဃ
၁။ ဗုဒ္ဓနဲ့ မိတ်ဆွေဖွဲ့ခြင်း ........ ၁
၂။ ဗုဒ္ဓနဲ့ ဘာသာဗေဒ အကွာအဝေး Linguistics ........ ၉
၃။ မေတ္တာသုတ်နှင့် အသံလှိုင်း Sound Wave ........ ၁၇
၄။ ဗုဒ္ဓနှင့် သက်သတ်လွတ်အယူအဆ ........ ၂၆
၅။ ဗုဒ္ဓနဲ့ လူမှုစိတ္တဗေဒ Social Psychology ........ ၃၃
၆။ အိန္ဒိယရဲ့ နှလုံးသား
(အိန္ဒိယနိုင်ငံ အစပျိုးစာပေသမိုင်းလေ့လာခြင်း) ........ ၄၂
၇။ ဗုဒ္ဓနှင့် အမုန်းစကား Hate speech ........ ၅၁
၈။ သိပ္ပံနည်းကျ သညာက္ခန္ဓာအလုပ်လုပ်ပုံ ........ ၆၁
၉။ ဗုဒ္ဓနဲ့ ခေါင်းဆောင်မှုအရည်အသွေး leadership quality ........ ၆၉
၁၀။ အင်္ဂုလိမာလသုတ်နဲ့ လူထုယုံကြည်မှု Public Trust ........ ၈၀
၁၁။ ဗလိနတ်စာ စစ်တမ်း ........ ၈၇
၁၂။ အကြောက်တရားများကို ဖန်ဆင်းခဲ့ကြခြင်း ........ ၉၅
၁၃။ ရတနသုတ်နှင့် ကပ်ရောဂါ ........ ၁၀၂
၁၄။ ဗုဒ္ဓနဲ့ ပုဂ္ဂိုလ်ရေးအမြင်မှ အများအမြင်သို့
From private to Public အယူအဆ ........ ၁၀၉
၁၅။ ဗုဒ္ဓနဲ့ ဆုတောင်းခြင်းအယူအဆ ........ ၁၁၇
၁၆။ ဗုဒ္ဓနှင့် ကြံ့ကြံ့ခံရင်ဆိုင်ခြင်း Tolerance ........ ၁၂၆
၁၇။ ဗုဒ္ဓနဲ့ လူ့ဂုဏ်သိက္ခာ human dignity
(ဗုဒ္ဓရဲ့ ပြည့်တန်ဆာအပေါ်အမြင်) ........ ၁၃၅
၁၈။ ဗုဒ္ဓနှင့် ပဋ္ဌာစာရာအားကုသည့် အသံကုထုံး ........ ၁၄၂

# ဆရာကျော်ကျော်လှိုင် (SMART) ၏ အမှာစာ

ဆရာ အာကာမိုးသူ၏ စာများကို အွန်လိုင်းပေါ်တွင် ၂၀၂၀ ခုနှစ် ဝန်းကျင်က စတင်၍ ဖတ်ရှုခွင့်ရခဲ့ပါသည်။ စတင်ဖတ်ရှုစဉ်ကတည်းက ဆရာ့စာများက ဗဟုသုတများ၊ အတွေးများကိုရစေသဖြင့် အလွန်သဘောကျနှစ်ခြိုက်ခဲ့ပါသည်။ အကြောင်းဆုံ၍ ဆရာနှင့် တွေ့ဆုံခွင့်ရသောအခါ ဆရာသည် အရှေ့တိုင်းဘာသာကို လေ့လာကျွမ်းကျင်သူဖြစ်သလို စာပေပေါင်းများစွာမှ သုတေသနပြု၍ အတွေးအခေါ်များကို ဆန်းစစ်ဖော်ထုတ်နေသူ ဖြစ်သည်ကို သိရပါသည်။ ၂၀၂၀ ခုနှစ်တွေ ရေးသားခဲ့သော ဆရာ၏ ဆောင်းပါးများကို "ဗုဒ္ဓနှင့် ၂၁ ရာစုအမြင်" စာအုပ်ထုတ်မည်ကို သိရသောအခါ အလွန်ဝမ်းသာမိပါသည်။ စာအုပ်အတွက် ကျွန်တော့်ကို အမှာစာရေးပေးရန် ပြောသောအခါ ဂုဏ်ယူမိသည်မှာ အမှန်ဖြစ်ပါသည်။

ဆရာ့စာအုပ်ကို အမှာစာရေးရန်အတွက် အမြည်းဖတ်လိုက်ရာ လက်က မချနိုင်အောင်ဖြစ်ပြီး စာအုပ်အဆုံးထိ ရောက်သွားပါသည်။ ဆရာ့စာများက ဖတ်လေ ဖတ်လေ၊ ဖတ်မဝ ဖြစ်ရပါသည်။ "ဗုဒ္ဓနှင့် ဘာသာဗေဒ အကွာအဝေး" ဆောင်းပါးတွင် ယနေ့တိုင် အတုယူရမည့် ဗုဒ္ဓဘုရားရှင်သုံးစွဲခဲ့သော ဘာသာစကား အနက် အဓိပ္ပာယ်များကို ဥပမာများဖြင့် ဆရာက ရေးသားတင်ပြထားပါသည်။ ပစ္စည်းတွေကို ခိုးယူသွားသည့် ပြည်တန်ဆာမကို လိုက်ရှာနေသည့် ဘဒ္ဒမင်းသားနှင့် အပေါင်းအပါတို့ကို "မိန်းမကို ရှာဖွေခြင်းနဲ့ မိမိကိုယ်မိမိ ရှာဖွေခြင်းတို့မှာ အဘယ်ရှာခြင်းက သင်တို့အတွက် မြတ်သည် ထင်သလဲ"ဟု ဘုရားရှင်က ဘဒ္ဒမင်းသားနှင့် အပေါင်းအပါတို့ကို မေးသော မေးခွန်းသည် စာဖတ်သူကို အတွေးများစွာ ရစေပါသည်။ အခြားဥပမာများကိုလည်း ဆရာက တင်ပြထားပါသည်။ စကားပြောစွမ်းရည် မြင့်မားလိုသူများ ဖတ်ရမည့် ဆောင်းပါး ဖြစ်ပါသည်။

"ဗုဒ္ဓနှင့် သက်သတ်လွတ် အယူအဆ" ဆောင်းပါးတွင် သက်သတ်လွတ်စားခြင်း အပါအဝင် ထူးခြားသည့် အကျင့် ၅ ချက်ကို ကျင့်လိုကြောင်း ဒေဝဒတ်က ဗုဒ္ဓဘုရားရှင်ကို လျှောက်သည့်အခါ ဘုရားရှင်က ခွင့်မပြုရသည့်အကြောင်းကို ဆရာက သုံးသပ်ထားပါသည်။ "ဘာကိုစားစား ကိုယ်ကျင့်တရားဖောက်ပြန်ရင် အညှီအဟောက်ပါပဲ၊ အညှီအဟောက်လွတ်ချင်ရင် ကိုယ်ကျင့်တရားကို ပြင်" ဆိုသည့် ဗုဒ္ဓဘုရားရှင်ရဲ့ လမ်းညွှန်ချက်ကို အသည်းထဲစွဲအောင် ဆရာက ရေးသားထားပါသည်။ လောကရဲ့ အညှီအဟောက်များကိုလည်း ဆရာက ရေးသားတင်ပြထားပါသည်။ နေ့စဉ် အညှီအဟောက်များကို ပြုမူပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည် နေ့စဉ်သက်သတ်လွတ်စားနေခြင်းပင် ဖြစ်သည် ဆိုသည့် အတွေးကို ရစေပါသည်။

"ဗုဒ္ဓနှင့် ခေါင်းဆောင်မှုအရည်အသွေး" ဆောင်းပါးတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၆၀၀ ကျော်က တည်ထောင်ခဲ့သည့် သံဃာ့အဖွဲ့အစည်းကို ရေရှည် တည်တံ့ဖွံ့ဖြိုးအောင် ဗုဒ္ဓဘုရားရှင် ကိုယ်ကျင့်တရား အဓိကထားသည့် ဝါဒနှင့် တည်ထောင်ခဲ့သည်ကို ဆရာက လေ့လာသုံးသပ်ထားပါသည်။ ခေါင်းဆောင်အရည်အသွေးသည် မိမိကိုယ်မိမိ လေ့ကျင့် ပြုစုပျိုးထောင်ယူမှ ရသည်ဆိုသည့်အချက်ကို ၂၁ ရာစုမှာ ပညာရှင်တိုင်း လက်ခံထားပါသည်။ ခေါင်းဆောင်မှုအရည်အသွေးဆိုတာ ဖြည့်ဆည်းရတယ်၊ ကျင့်ကြံရတယ်၊ လူမှုအဖွဲ့အစည်းအတွင်းမှာ ဦးဆောင်ကျင့်သုံးရတာဖြစ်တယ်လို့ ဆိုပြီး ခေါင်းဆောင်းအရည်အသွေးတွေ ပြည့်လာအောင် ဗုဒ္ဓဘုရားရှင် ကျင့်ကြံ ဖြည့်ဆည်းခဲ့သည့် ပါရမီဆယ်ပါးကိုလည်း ဆရာက ရေးသားတင်ပြထားပါသည်။ ခေါင်းဆောင်မှုပညာကို နှစ်ပေါင်းများစွာလေ့လာလိုက်စားနေသည့် ကျွန်တော့်အတွက် ဗုဒ္ဓဘုရားရှင်၏ ခေါင်းဆောင်များ ကျင့်ကြံရမည့် ပါရမီဆယ်ပါးသည် ၂၁ ရာစုမှ နောက်နှစ်ပေါင်းများစွာ တည်တံ့မည့် ခေါင်းဆောင်အရည်အသွေးများဖြစ်ကြောင်း ခိုင်မာစွာ ယုံကြည်မိပါသည်။

"ဗုဒ္ဓနှင့် ၂၁ ရာစုအမြင်" စာအုပ်တွင် ဆောင်းပါး ၁၈ ပုဒ် ပါရှိပါသည်။ ဆောင်းပါးတိုင်းသည် ဗဟုသုတနှင့် အတွေးများကို ပေးပါသည်။ ဆောင်းပါးများမှရသော အတွေးများသည် ပြိုင်ဆိုင်မှုပြင်းထန်သည့် ၂၁ ရာစု လူမှုအဖွဲ့အစည်းအတွင်း အများက ယုံကြည်သော၊ ဂုဏ်သတင်းကျော်ဇောသော၊ အောင်မြင်မှုကိုရစေသော ကိုယ်ရည်ကိုယ်သွေးများ ဖွံ့ဖြိုးလာအောင် အထောက်အကူပေးပါမည်။ ဗုဒ္ဓဘုရားရှင်လက်ထက်က. . . အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှု၊ ဗြာဟ္မဏများ၏ လူ့အဖွဲ့အစည်းအပေါ် လွှမ်းမိုးမှုဝါဒ၊ လူတန်းစား အမြင်တွေနှင့် ခွဲခြားဆက်ဆံမှု စသည့် ပွတ်တိုက်မှုများစွာကို ဗုဒ္ဓဘုရားရှင် အောင်မြင်စွာ ကျော်လွှားဖြေရှင်းခဲ့သည်များကိုလည်း "ဗုဒ္ဓနှင့် ၂၁ ရာစုအမြင်" စာအုပ်တွင် လေ့လာဖတ်ရှုခွင့်ရပါမည်။ လူကြီးလူငယ်မရွေး ဖတ်သင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။ ဆရာအာကာမိုးသူလည်း သုတေသနများ ပိုမိုဆောင်ရွက်နိုင်ပြီး "ဗုဒ္ဓနှင့် ၂၁ ရာစုအမြင်"ကဲ့သို့ စာအုပ်များ ဆက်လက်ရေးသားထုတ်ဝေနိုင်ပါစေဟု မေတ္တာပို့ ဆန္ဒပြုလိုက်ပါသည်။

*ကျော်ကျော်လှိုင်*
*7.6.2025*